# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၁ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၉)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး<br>* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး<br>* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရင်း စက်မှုထွန်းကားရေး ကြိုးပမ်းလျက်ရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေး စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရန်စီမံနေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး**

# မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများရှိ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ဖိတ်ခေါ်

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် **H.E. Mr. Hoang Trung Hai** မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၀

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ဆွေးနွေးပွဲဖွင့်ပွဲသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H. E. Mr. Hoang Trung Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးကဏ္ဍစုံမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဒုတိယအကြိမ်

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအများစု ပါဝင်တက်ရောက်သည့် ဆွေးနွေးပွဲဖြစ်ပြီး ဒုတိယအကြိမ်ဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

၂၀၁၀ ခုနှစ် ဧပြီလတွင် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ဦးဆောင်သော ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်စဉ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကို အလေးထားဆောင်ရွက်နိုင်ခဲ့ကာ စီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခြင်း၊ ဗီယက်နမ်ကုန်စည်ပြပွဲကျင်းပခြင်း၊ ရန်ကုန်/ဟနွိုင်း လေကြောင်းလိုင်းအသစ်ဖွင့်လှစ်ခြင်း၊ နှစ်နိုင်ငံစီးပွားရေး တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေခဲ့ကြောင်း။

ထို့အပြင် အဆိုပါဆွေးနွေးပွဲများ၏ ကောင်းမွန်သောရလဒ်များကြောင့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ◆

11-6 (01).pmd 1 6/11/2011, 3:03 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၁၁ ရက်)

# ပိုလီယိုရောဂါကင်းစင်ရေး လက်တွဲပါဝင်ဆောင်ရွက်

၂၀၁၁ ခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ပထမအကြိမ်အဖြစ် မေလ ၁၄ ရက်မှ ၁၅ ရက်အထိ မြို့နယ်ပေါင်း ၁၂၆ မြို့နယ်အတွင်းရှိ အသက် ငါးနှစ်အောက်ကလေး ၂ ဒသမ ၉ သန်းကျော်အား ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခဲ့ပြီးနောက် ယနေ့ ဇွန်လ ၁၁ ရက်မှစပြီး ဒုတိယအကြိမ်အဖြစ် တိုက်ကျွေးကြမည်ဖြစ်သည်။

ပိုလီယိုအကြောသေရောဂါ ကမ္ဘာပေါ်မှ ပပျောက်သွားရန် နည်းလမ်းများဖော်ထုတ်၍ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၁၉၈၈ ခုနှစ်က နေ့စဉ် ပိုလီယိုရောဂါကူးစက်သူပေါင်း ၁၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်၌ နေ့စဉ်ကူးစက်ခံရသူပေါင်း ၁၀ ဦးခန့်အထိ လျော့ကျခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် သတ်မှတ်ထားသော ဒေသကြီးခြောက်ခုအနက် ဒေသကြီးသုံးခုတွင် ပိုလီယိုရောဂါကင်းစင်ခဲ့ပြီးဖြစ်သည်။ ပိုလီယိုအကြောသေရောဂါ ကင်းစင်စေရန် စတင်ဆောင်ရွက်ခဲ့သည့်အချိန်က နိုင်ငံပေါင်း ၁၂၅ နိုင်ငံတွင် ရောဂါဖြစ်ပွားသူ ၃၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၁၂၉၂ ဦးသာရှိခဲ့သည်။

ပိုလီယိုအကြောသေရောဂါကို ကမ္ဘာပေါ်မှ လုံးဝကင်းစင်ပပျောက်သွားရန် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ပိုလီယိုရောဂါလုံးဝကင်းစင်ရန် ကျန်းမာရေးဝန်ကြီးဌာနက နည်းဗျူဟာများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်ခဲ့ပြီး ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်းများကိုလည်း ဖိဖိစီးစီး ဆောင်ရွက်ခဲ့သည်။

ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှုသည် မျိုးဆက်သစ်များကို ပြုစုသည့်လုပ်ငန်းတစ်ခုဖြစ်ရာ ကျန်းမာကြံ့ခိုင်သည့် အနာဂတ်သားကောင်းများ ပိုမိုပေါ်ထွန်းရန် မျိုးဆက်သစ်ကလေးများကို ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဖော်ဆောင်သွားကြရမည်ဖြစ်သည်။

မျိုးဆက်သစ်ကလေးသူငယ်များအား အနာဂတ်နိုင်ငံတော်သစ်တွင် နိုင်ငံတော်ကအားထားရသည့် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများအဖြစ် ငယ်ရွယ်စဉ်ဘဝကတည်းက ပြုစုပျိုးထောင်ပေးကြရန်အတွက် “သားသမီးအပေါ်မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား” ဆောင်ပုဒ်အရ ယနေ့ ဒုတိယအကြိမ်တိုက်ကျွေးမည့် ပိုလီယိုရောဂါကာကွယ်ဆေးကို အသက်ငါးနှစ်အောက် ကလေးငယ်များအားလုံးကို မပျက်မကွက် သွားရောက်တိုက်ကျွေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဂျာမနီသံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၁၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ ဦးထွန်းအောင်၊ ဦးလှမောင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုးနှင့်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E.Mr.Julius Georg Luy, နှင့် German Foundation များဖြစ်သော Friedrich Ebert Foundation (FES), Friedrich Naumann Foundation (FNS), Hanns Seidel Foundation (HSS), Heinrich Boll Foundation, Konrad Adenauer Foundation တို့မှ တာဝန်ရှိသူငါးဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား မေ ၃၁ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံး၌ တွေ့ဆုံခဲ့ကြသည်။**

(အပေါ်ပုံ)

**ဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုရှိလာခြင်းကိစ္စ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နိုင်ရေးကိစ္စ၊ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရေးကိစ္စ၊ စွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ သင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရေးကိစ္စ၊ ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မှု ဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မိုးရာသီယာဉ်အန္တရာယ် ကင်းရှင်းရေး အင်းစိန်မြို့နယ်၌ ဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေရန်ကုန်ယာဉ်လိုင်း လုပ်ငန်းကော်မတီဌာနခွဲ(၃) မိုးရာသီယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူမှုဖူလုံရေးဆိုင်ရာဟောပြောပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ် ခရိုင်ယာဉ်လိုင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေရန်ကုန်ယာဉ်လိုင်း လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းတင်က အမှာစကားပြောကြားပြီး အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်တင်နွဲ့နွဲ့ရည်က လူမှုဖူလုံရေးစီမံကိန်း ရည်ရွယ်ချက်၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းစဉ်များအား ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ နယ်မြေ(၁) နယ်မြေမှူး ဒုတိယရဲမှူးမြင့်ကြည်က ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ တည်ဆဲဥပဒေ၊ ဒေသန္တရဥပဒေ၊ ယာဉ်တိုက်ခိုက်မှုကျဆင်းရေး၊ လျော့နည်းရေး စသည်တို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

## မန့်ဟီးရိုးမြို့နယ် အထက၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

**မန့်ဟီးရိုး ဇွန် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး အထက ကျောင်းအုပ်ဆရာကြီးက ကျောင်းအပ်နှံမှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ၊ ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**လှည်းကူးမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၂ ရက်က ရန်ကုန်-မန္တလေး လမ်းမကြီးဘေး ဝဲယာတစ်လျှောက် ပလက်ဖောင်းကပ်တုံးကြား ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်လတ်က "Effective Company Stewardship- Enhancing Corporate Reporting and Audit" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇွန် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသားသင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

◆ *ရှေ့ဖုံးမှ*

စာချုပ်များ ချုပ်ဆိုလုပ်ကိုင်နိုင်ခဲ့ပြီး ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

**ပိုမိုမြင့်မား**

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့်အပြင် နှစ်ပေါင်းများစွာကတည်းကပင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုများကြောင့်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုများ ပိုမိုတိုးတက်ခဲ့ကြောင်း၊ အနာဂတ်တွင်လည်း ယခုထက် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်မားလာမည်ဟု ယုံကြည်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေသည့် အားလျော်စွာ ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီလုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကို ၂၀၀၀ ပြည့်နှစ် မေလတွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနားလည်မှုစာလွှာကို ၂၀၁၀ ပြည့်နှစ် ဧပြီလတွင် လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးပြီးလည်းဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအဆိုပြု ကိစ္စရပ်များကို နှစ်နိုင်ငံ အကျိုးစီးပွားနှင့် ပြည်တွင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခွင့် ပြုမည်ဖြစ်ကြောင်း။

ကုန်သွယ်မှုကဏ္ဍ၌ မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား ၁၉၉၄ ခုနှစ် မေလတွင် ကုန်သွယ်ရေးသဘောတူစာချုပ်နှင့် ၂၀၀၂ ခုနှစ် မေလတွင် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီထူထောင်ရေး နားလည်မှု စာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာ-ဗီယက်နမ်ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးများကို အလှည့်ကျကျင်းပပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ ပိုမိုတိုးမြှင့်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်စည်ပြပွဲများကိုလည်း အပြန်အလှန် ကျင်းပခဲ့ကြခြင်းဖြင့် နှစ်နိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်မိပြီး နှစ်နိုင်ငံ ထုတ်ကုန်များကိုလည်း အပြန်အလှန် သိရှိကျွမ်းဝင်စေနိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းအားဖြင့် နှစ်ဖက်ကုန်သည်များအချင်းချင်း ရင်းနှီးမှုများရရှိလာပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်မည့် အလားအလာကောင်းများ ပိုမိုရရှိလာလျက်ရှိကြောင်း။

**တိုးမြှင့်ဆောင်ရွက်**

မိမိတို့ နှစ်နိုင်ငံသည် ၂၀၀၉ ခုနှစ်ကတည်းက ကမ္ဘာ့ပေါင်းစုံမှနေ၍ ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခွင့်အလမ်းသစ်များ ထပ်မံရရှိရန် ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံလုံးမှ ကြိုးပမ်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် အုပ်ချုပ်မှုနှင့် စီးပွားရေးပုံစံများ ပြောင်းလဲလျက်ရှိပြီး နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရင်း စက်မှုထွန်းကားရေးကို ကြိုးပမ်းလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားများ ဖြစ်သည့်အလျောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးအတွက် ခေတ်နှင့်အညီ လုပ်ထုံး လုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရန် မြန်မာနိုင်ငံအနေနှင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းစေရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆက်နွှယ်နေသည့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စများကိုလည်း ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ နောင်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။

ယခု ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟုန်တရမ်ဟိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်သည့် ခရီးစဉ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေရန် လည်းကောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန် လည်းကောင်း၊ လိုအပ်ချက်များကို ယမန်နေ့က ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ နှစ်နိုင်ငံ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ အလားတူစီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော စီးပွားရေး သုံးသပ်ဆွေးနွေးပွဲကိုလည်း ယနေ့ပြုလုပ်နိုင်သည့်အတွက် အထူးဝမ်းမြောက် ဝမ်းသာဖြစ်ရကြောင်းကို မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း။

**ပိုမိုတိုးတက်လာ**

ထိုသို့ ဆွေးနွေးနိုင်ခြင်းဖြင့် ယခင်နှစ်တွင် စတင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေပြီး နှစ်နိုင်ငံ စီးပွားရေးကဏ္ဍပေါင်းစုံတွင် ပိုမိုတိုးတက်လာစေမည်ဟု ယုံကြည်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခု အခမ်းအနားသို့ တက်ရောက်လာသော နှစ်နိုင်ငံအစိုးရ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်လည်း နှစ်နိုင်ငံ စီးပွားရေး တိုးတက်စေရန် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ တက်ရောက်လာသည့် နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များကလည်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြပြီး နှစ်နိုင်ငံစီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်ဖြစ်ထွန်းရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ် H.E.Mr.Hoang Trung Hai က အမှာစကားပြောကြားရာတွင် နှစ်နိုင်ငံအစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးနိုင်ခြင်း၊ အထူးသဖြင့် ဗီယက်နမ်လေကြောင်း စတင်နိုင်ခြင်း၊ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်နိုင်ခြင်းတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် လမ်းကြောင်းများဖြစ်စေပါကြောင်း။

**အခွင့်အလမ်းများပေး**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ခြင်း၊ အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း နယ်ပယ်များတွင်လည်းကောင်း၊ ငွေရေးကြေးရေး၊ ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လေကြောင်းပျံသန်းရေး၊ ဆက်သွယ်ရေးစသော ဝန်ဆောင်မှုလုပ်ငန်းများတွင် လည်းကောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေးလျက်ရှိပါကြောင်း။

ယင်းတို့သည် ဗီယက်နမ်နိုင်ငံ လုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုရှိသော နယ်ပယ်များဖြစ်ပြီး ယင်းနယ်ပယ်များတွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် အရင်းအနှီး၊ ကမ္ဘာ့ဈေးကွက်တွင် စီမံခန့်ခွဲမှု အတွေ့အကြုံများနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုမဟာဗျူဟာတို့တွင် စွမ်းပကားများ ရှိပါကြောင်း။

နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းဖြင့် အလားအလာကောင်းများကို ပိုမိုရရှိစေမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို များစွာ ကျေနပ်အားရမိပါကြောင်း။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများရှိပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် ဆက်သွယ်ရေး၊ လေကြောင်းပျံသန်းရေး၊ သဘာဝအရင်းအမြစ်များ တူးဖော်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှု၊ ငွေရေးကြေးရေး၊ ဘဏ်လုပ်ငန်း၊ လယ်ယာထုတ်ကုန်နှင့် သစ်တောစသည့် ကဏ္ဍများတွင် အင်အားခိုင်မာပါကြောင်း။

ဗီယက်နမ်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံတွင်လည်း ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ကိုင်နိုင်ရန်အတွက် အလေးပေးကူညီပံ့ပိုးပေးစေလိုကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

# မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၀**

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Dang Huy Dong၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်တို့က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

**ရင်းနှီးမြှုပ်နှံ**

ထို့နောက် နှစ်နိုင်ငံဝန်ကြီးဌာနတာဝန်ရှိသူများနှင့် စီးပွားရေးကဏ္ဍစုံမှ လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကြည့်ရှုစစ်ဆေး

## ကျေးလက်နေပြည်သူများ တစ်ဦးချင်းဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇွန် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ဆေးသိုလှောင်ခန်း၊ သားဖွားခန်းနှင့် စမ်းသပ်ကုသခန်းများအတွင်း ကြည့်ရှုစစ်ဆေးကာ ဆင်းရဲနွမ်းပါးသည့် ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးရေး အစီအစဉ်များနှင့် နည်းလမ်းများကို အသေးစိတ်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပုလဲမြို့နယ်ခန်းမသို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ(ဓမ္မာရုံ) မွမ်းမံပြင်ဆင်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့အင်္ဂါရပ်နှင့် ညီညွတ်သည့် ခန်းမဖြစ်အောင် နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့သော အလှူငွေများဖြင့် သတ်မှတ်ချက်များအတိုင်း စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုလဲမြို့ သမိုင်းဝင်မြသိန်းတန် စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုပြီး စေတီတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ ယင်းမာပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ယင်းမာပင်မြို့နယ်၏ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းကော်မတီရှစ်ခု ဖွဲ့စည်းအကောင်အထည်ဖော်နေမှု အခြေအနေများ၊ ကျေးလက်နေပြည်သူများ တစ်ဦးချင်းဘဝ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်ကုန်များ ထုတ်လုပ်ရေး စသည်တို့ကို စီမံချက်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တစ်နိုင်ငံလုံး ဘက်စုံကဏ္ဍစုံမှဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

**တွေ့ဆုံမှာကြား**

**ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ယင်းမာပင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်

**ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

**၁၁-၆-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၁၁)
၁၂:၀၀ ၇။ ရုပ်သံလင့်ရုပ်မြင်သံကြားဇာတ်လမ်း **ကျွန်တော်ချစ်သော မြကျေးတမာ** နေတိုး၊ အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
၁၃:၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၉။ ရုပ်သံလင့်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၇၄)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၇ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၄:၃၅ ၈။ ဇာတ်လမ်းတို
၄:၄၀ ၉။ ချစ်သူစုံတွဲတူယှဉ်ဆို
၄:၅၀ ၁၀။ ကုန်သွယ်သုတ
၅:၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၅။ လျှပ်တစ်ပြက်
၆:၂၀ ၁၆။ စားဖိုဆောင်ချစ်သူ
၇:၄၀ ၁၇။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၈။ ရုပ်သံလင့်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၁၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ လူ့ရှင်တော်စတား
၂၄။ အင်္ဂလိပ်စာသုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ ရုပ်သံလင့်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၂၃)
၂၇။ ရုပ်သံလင့်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၆၀)

**ဇွန် ၅ ရက်က လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကိုရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသူတစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ပညာသင်ထောက်ပံ့ကြေးချီးမြှင့်စဉ်။** (၁၂၁)

## စာပေဗိမာန်စာမူဆုပြိုင်ပွဲ (၂၀၁၀)အတွက် ဘာသာပြန်စာမူပြဋ္ဌာန်း

**ရန်ကုန် ဇွန် ၁၀**

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန်စာမူပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၁၀ ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီး ဖြစ်သည်။

၂၀၁၀ ခုနှစ်အတွက် ဘာသာပြန်စာမူအဖြစ် V.K.RAO ရေးသားသည့် DISTANCE EDUCATION စာအုပ်မှ "Distance Learning System" နှင့် "Distance Education in University" အခန်းနှစ်ခန်းကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန် အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၂၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

### ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့် ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး စည်းကမ်းချက်များကို စာပေဗိမာန် စာတည်းဌာနတွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှမှာယူလိုသူများသည် စာအုပ်တန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀ ကို ငွေပို့လွှာဖြင့် အတွင်းရေးမှူး စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၁-၃၇၆၅၆၉ သို့ လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ငွေကြေးချို့တဲ့သူများအား အခမဲ့ဆေးကုသပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများ၌ ငွေကြေးတတ်နိုင်သူများအတွက် စရိတ်မျှပေး ကျန်းမာရေးစနစ်ကိုကျင့်သုံးပြီး ငွေကြေးချို့တဲ့သူများအား အခမဲ့ဆေးကုသပေးသည့်စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌လည်း အဆိုပါစနစ်ကို ကျင့်သုံးဆောင်ရွက်၍ လူနာများအား ကုသပေးလျက်ရှိသည်။

### အထောက်အပံ့

အဆိုပါစနစ်အရ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ၂၀၁၀ခုနှစ်အတွင်း ငွေကြေးချို့တဲ့သူများအား အခမဲ့ရောဂါရှာဖွေပေးခဲ့ရာ လူနာပေါင်း ၃၀၀၀ ရှိပြီး ကုန်ကျငွေတန်ဖိုးမှာ ငွေကျပ် ၁၄၄ သိန်းဖြစ်သည်။ ထို့အတူ အခမဲ့ဆေးဝါးအထောက်အပံ့ပေးခဲ့ရသော လူနာပေါင်းမှာ ၇၀၀ ရှိပြီး အခမဲ့ဆေးဝါးအထောက်အပံ့ပေးနိုင်ရေးအတွက် ငွေကျပ် ၁၃၆ သိန်း ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။ **(ညွန့်သန်း-သတင်းစဉ်)**

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်အောင်မြို့နယ် ကျောင်းတိုက်ကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မေ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်ဦးဆောင်မှုဖြင့် နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲ (Nay Pyi Taw Travel Mart & Food Show) ကို ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ခင်းကျင်းပြသနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကူညီဆောင်ရွက်**

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နေပြည်တော်၌ ကျောက်မျက်ရတနာပြပွဲကို သုံးလတစ်ကြိမ် ကျင်းပလျက်ရှိရာ ကျောက်မျက်ရတနာ ဝယ်ယူသည့် နိုင်ငံခြားသားများ လာရောက်လျက်ရှိသော ယင်းအချိန်နှင့်တွဲလျက် နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲကို ပထမအကြိမ် ခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြပွဲအောင်မြင်စွာ ခင်းကျင်း ပြသနိုင်ရေးအတွက် နေပြည်တော်ဟိုတယ်ဇုန် အပါအဝင် ဟိုတယ်ဇုန်(၁၁)ဇုန်၊ မြန်မာနိုင်ငံ ဟိုတယ် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီနှင့် ထပ်မံဖွဲ့စည်းထားသည့် အသင်းခုနစ်သင်းတို့မှ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဟိုတယ်ဇုန်အလိုက်၊ အသင်းအလိုက် ပြခန်းပြသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဌေးအောင်က ဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးကာ ဟိုတယ်ဇုန်အလိုက်၊ အသင်းများအလိုက် လိုအပ်သည့်ပြခန်း အရေအတွက်ကို ခွဲဝေသတ်မှတ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲ အဆောက်အအုံ ဆောက်လုပ်မည့် သပြေကုန်းဈေး နေပြည်တော်အငှားယာဉ် ကားရပ်နားကွင်းနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇမ္ဗူသီရိဟိုတယ်၌ ဖွင့်လှစ်သင်ကြားနေသော ဟိုတယ်ဝန်ဆောင်မှု ဧည့်ကြိုလုပ်ငန်း သင်တန်းနှင့် အမရဟိုတယ်တွင် ဖွင့်လှစ်သင်ကြားနေသော ဟိုတယ်ဝန်ဆောင်မှု အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းတို့၌ သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း**

# ဆိုယုဇ် တီအမ်အေ-၀၂ အမ် အာကာသယာဉ် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မိ

**ဟူစတန် ဇွန် ၁၀**

ရုရှားနိုင်ငံမှ လွှတ်တင်လိုက်သော ဆိုယုဇ် တီအမ်အေ -၀၂ အမ် အာကာသယာဉ်(**ယာပုံ**)သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ဇွန် ၁၀ ရက် မော်စကိုစံတော်ချိန် နံနက် ၁ နာရီ ၂၂ မိနစ်၌ အောင်မြင်စွာ ချိတ်ဆက်မိခဲ့ကြောင်း အာကာသယာဉ်ခရီးစဉ်ထိန်းချုပ်ရေးအရာရှိများက ဇွန် ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ဆိုယုဇ် တီအမ်အေ-၀၂ အမ် အာကာသယာဉ်နှင့်အတူ အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားရာ ၎င်းတို့မှာ ရုရှားအာကာသယာဉ်မှူး ဆာဂျီဗော်လ်ကော့ဗ်၊ နာဆာအာကာသယာဉ်မှူး မိုက်ဖို့ဒ်ဆမ်နှင့် ဂျပန်အာကာသယာဉ်မှူး ဆာတိုရှီဖူရူကာဝါတို့ဖြစ်ကြသည်။

ယင်းအာကာသယာဉ်မှူး သုံးဦးတို့သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ရောက်ရှိနေပြီးဖြစ်သော ရုရှားအာကာသယာဉ်မှူးနှစ်ဦးဖြစ်သည့် အင်ဒရီဘောရစ်ဆင်ကိုနှင့် အလက်ဇန္ဒြားဆာမိုကော့ယက်ဗ်အပါအဝင်

မိုးမြင့်လင်းလက် – စုစည်းသည်



နာဆာ အာကာသယာဉ်မှူး ရိုနယ်ဂါရန်တို့နှင့်ပူးတွဲကာ လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်သည်။ ဆိုယုဇ် တီအမ်အေ-၀၂ အမ် အာကာသယာဉ်ကို ဇွန် ၈ ရက်က ကာဇက်စတန်ရှိ ဘိုင်ကွန်နော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# အိန္ဒိယအနောက်ပိုင်း၌ ကားကြိတ်ခံရမှု ၁၈ ဦးသေဆုံး ၁၀ ဦးဒဏ်ရာရရှိ

**အမီဒါဘတ် ဇွန် ၁၀**

အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ဇွန် ၉ ရက်က ကားလမ်းဘေး၌ အိပ်နေကြသူများအား ကုန်တင်ကားတစ်စီးက အရှိန်လွန်ပြီးတက်ကြိတ်ခဲ့ရာ ၁၈ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၀ ရက်၌ ပြောကြားသည်။

**ကြိတ်မိခဲ့**

ဂူဂျာရက်ပြည်နယ် အမီဒါဘတ်မြို့မှ ကီလိုမီတာ ၉၀ ခန့်အကွာ၌ ကျင်းပလျက်ရှိသည့် ရိုးရာပွဲတော်သို့ ခြေကျင်သွားကြသူများ အဝေးပြေးလမ်းမပေါ်ရှိ ကော်ဖီဆိုင်အနီးလမ်းဘေး၌ ညပိုင်း ခရီးတစ်ထောက် နား၍အိပ်နေကြစဉ် အဆိုပါကုန်တင်ကားကအရှိန်လွန်ပြီး တက်ကြိတ်မိခဲ့ရာမှ အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

၁၆ ဦးသည် နေရာ၌ ပွဲချင်းပြီးသေဆုံးခဲ့ပြီး နှစ်ဦးမှာဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် အမျိုးသမီးကိုးဦးပါဝင်ခဲ့ပြီး ဒဏ်ရာရရှိသူ ၁၀ ဦးရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

# ဖိလစ်ပိုင်၌ ဆာရီကာမုန်တိုင်းတိုက်ခတ် ခြောက်ဦးသေဆုံး ၂၇ ဦးပျောက်ဆုံး

**မနီလာ ဇွန် ၁၀**

ဖိလစ်ပိုင်နိုင်ငံတွင် ဆာရီကာအမည်ရှိ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၂၇ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ဇွန် ၁၀ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

၎င်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တောင်တရုတ်ပင်လယ်ရှိ အက်စ်ပရက်လီကျွန်းအနီးရေပြင်တွင် ဖိလစ်ပိုင်ငါးဖမ်းသမား ၂၆ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ မနီလာမြို့တောင်ဘက် ဆရီရာယာမြို့တွင် မုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထို့အတူ လူဇုန်ကျွန်းတွင်လည်း ဇွန် ၁၀ ရက် နံနက်က ဒေသခံရာပေါင်းများစွာ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေပြီး အချို့မှာ ရေဘေးဒုက္ခမှကင်းဝေးရန် ကယ်ဆယ်ရေးအဖွဲ့များ၏ အကူအညီကို စောင့်မျှော်နေရသည်။ ၎င်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း အနောက်ဘက်ကမ်းရိုးတန်းကို ဖြတ်သန်းတိုက်ခတ်ပြီးနောက် တစ်နာရီ မိုင် ၄၀ နှုန်းဖြင့် တရုတ်နိုင်ငံအရှေ့တောင်ပိုင်းသို့ ဦးတည်ရွေ့လျားသွားကြောင်း သိရသည်။ **(အမ်အင်န်အေ၊အေအက်ဖ်ပီ)**

# ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်းကြည့်ရှုလေ့လာ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၀**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနခန်းမ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ်စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်ပြီး နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ စေတီတော်လိုဏ်အတွင်းရှိ ဖွား၊ ပွင့်၊ ဟော၊ စံကျောက်ထွင်း ပန်းချီများကို ကြည့်ရှုလေ့လာကြပြီး စေတီတော်ပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိပြီး ပြသထားသော မြန်မာ့ကျောက်မျက်ရတနာများနှင့် ကျောက်မျက်ရတနာအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးစရိတ်နှင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်ပွဲ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇွန် ၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသော မြစ်ဝကျွန်းပေါ်(ကျုံပျော်) ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်က မိုးစပါးစိုက်တောင်သူများအား စိုက်စရိတ်၊ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ၂၀၁၁-၂၀၁၂ ခုနှစ် စပါးစိုက်တောင်သူများသို့ စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၉၀၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က သွင်းအားစု၊ မျိုးစပါးနှင့် လယ်ယာသုံး စက်ကိရိယာများအတွက် တန်ဖိုး ငွေကျပ်သိန်း ၃၃၀၀ကို လည်းကောင်း ပေးအပ်ကြပြီး ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးပံ့ပိုးငွေကိုအစောဆုံး ပြန်လည်ပေးဆပ်ခဲ့သော တောင်သူ ၁၀ ဦးအား တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်နှင့် မြစ်ဝကျွန်းပေါ်(ကျုံပျော်) ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကုမ္ပဏီက ပံ့ပိုးပေးအပ်သည့် လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ် ထောက်ပံ့ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေကြည်မြို့နယ် ရေကြည်ခန်းမ၌ ကျင်းပသည့် ရေကြည် ဆန်စပါးရောင်းဝယ်ရေး လီမိတက်က မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ် သွင်းအားစုနှင့် လယ်ယာသုံး စက်ကိရိယာများ ပံ့ပိုးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရာသီအတွက် တောင်သူများသို့ စိုက်ပျိုးစရိတ်ပံ့ပိုး ငွေကျပ်သိန်း ၉၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌက ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ သွင်းအားစု၊ မျိုးစပါးနှင့် လယ်ယာသုံး စက်ကိရိယာများကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေကြည်မြို့ မြို့မ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသော ဧရာဝတီဖောင်ဒေးရှင်းက တက္ကသိုလ်ဝင် စာမေးပွဲဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု အမှာစကား ပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းကိုကိုနှင့် တိုင်းဒေသကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်း အမှတ်စဉ်(၆/၂၀၁၁)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

**တက်ရောက်**

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီမံကိန်းတာဝန်ပေးအပ်ပွဲ ကဝမြို့နယ်၌ ကျင်းပ

**ကဝ ဇွန် ၁၀**

ကဝမြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးစည်းဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်ညွန့်ရှင်က စီမံကိန်း တာဝန်ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)** (ဝဇ၄)

**မောင်းလျှင် မမူးနှင့် မူးလျှင် မမောင်းနှင့်**

# ခြင်ဆေးခွေနှင့် ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ နည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေ့စဉ်ထုတ် သတင်းစာများတွင် အသိပေး ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

**များစွာထိခိုက်**

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင် မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfulthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် ၀ ဒသမ ၀၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် ၀ ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် ၀ ဒသမ ၁၁၂၉ ရာခိုင်နှုန်း ပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့် ပမာဏ ၀ ဒသမ၀၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေသည်။

တရားမဝင် တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆိုပါ ကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကိုတွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တောင်သူလယ်သမားများဘဝ မြှင့်တင်နိုင်ရန်ရည်ရွယ်
## စိုက်ပျိုးရေးလုပ်ငန်းကို အရည်အသွေး၊ အရေအတွက် ပြည့်မီအောင်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

မွန်ပြည်နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးရေး တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်သည်။

**ရည်ရွယ်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိက စီးပွားရေး အဖြစ်ဆောင်ရွက်သည့် ပြည်နယ် ဖြစ်ကြောင်း၊ လူဦးရေအရကြည့်လျှင် စားသုံးမှုဖူလုံသော်လည်း ဝင်ငွေတိုး တက်ရရှိအောင် ဆောင်ရွက်မည် ဆိုပါက အရည်အသွေး၊ အရေအတွက် ပြည့်မီအောင်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက် အောင် ဆောင်ရွက်ရာတွင် တာဝန်ရှိ သူများ အနေဖြင့် လျာထားမြေဧက၊ စိုက်ဧက၊ အထွက်နှုန်း စာရင်းများကို မှန်ကန်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ ယခု အစည်းအဝေး သည်တောင်သူလယ် သမားများ၏ ဘဝ မြှင့်တင်ပေးနိုင်ရေးအတွက် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်သည် နှင့်အညီ စေတနာအပြည့်ဖြင့် ပြည်သူ့အကျိုး အမှန်တကယ် ဖြစ်ထွန်းအောင် ဆောင်ရွက်သွား ကြရန်လိုကြောင်း၊ ပြည်သူနှင့်အတူ တစ်သားတည်းရှိပြီး ပြည်သူများ၏ ဘဝကိုမြှင့်တင်ရာတွင် စနစ်တကျ ဖြင့် အားကြိုးမာန်တက် ကြိုးစား ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

## ကုန်စည်ပြပွဲတက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံဂျကာတာ မြို့၌ ကျင်းပမည့် ASEAN+3 Youth Inventors Expo 2011 သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုး သမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းမှ အသင်းဝင် ဒေါ်မြတ်စုမွန် နှင့် ဒေါ်ဇွန်ဖူးဝေတို့သည် ဇွန် ၄ ရက် ညနေက ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုး သမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းမှ အလုပ်အမှုဆောင် ဒေါ်ကြွေ ကြွေဇင်နှင့် အသင်းဝင် ဒေါ်ဂျူလိုင် သန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ ကြကြောင်း သိရှိရသည်။ **(ယာပုံ)**
**(အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း)**

## သားသမီးအပေါ် မေတ္တာထား
## ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

**“ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁”**

**၂၀၁၁-ခုနှစ်၊ မေလ ၁၄ ရက် (စနေနေ့) (ပထမအကြိမ်)**

**၂၀၁၁-ခုနှစ်၊ ဇွန်လ ၁၁ ရက် (စနေနေ့) (ဒုတိယအကြိမ်)**

တိုင်းဒေသကြီး/ပြည်နယ်(၉)ခုရှိ မြို့နယ်ပေါင်း (၁၂၆)မြို့နယ်

**အသက်(၅)နှစ်အောက် ကလေးငယ်များအားလုံး**

**ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့**

## လှူဒါန်း

**ဗိုလ်လောင်းသင်တန်း အမှတ် စဉ်(၄၅)မိသားစုများက ဇွန်၂ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌တစ်နေ့ တာဆွမ်းအလှူနှင့် ထာဝရ ဆွမ်း ပဒေသာပင်အတွက် ငွေကျပ်လေးသိန်း လှူဒါန်းရာ တာဝန်ရှိသူ တစ်ဦးက လက်ခံယူစဉ်။** (သံဃာ့ဆေးရုံ)

## ကျောင်းအပ်နှံပွဲများ တောင်ငူခရိုင်၌ ကျင်းပ

**တောင်ငူ ဇွန် ၁၀**

ဇွန် ၁ ရက်မှစ၍တစ်နိုင်ငံလုံးတွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်ခဲ့ရာ ထိုနေ့ နံနက်ပိုင်းက တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမင်းထွဋ်နှင့် အဖွဲ့သည် ဖြူးမြို့နယ် ကညွတ်ကွင်း မြို့ရှိရွာလည် အထက(၂)ကျောင်းတွင် စာသင်ကြားမှု၊ ကျောင်းအပ်နှံထားရှိမှု အခြေအနေကို စစ်ဆေးပြီး ကျောင်း အုပ်ဆရာမကြီး ဒေါ်စန်းကြည်က ရှင်း လင်းတင်ပြသည်။

**တွေ့ဆုံဆွေးနွေး**

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့သည် ဖြူးမြို့နယ်ရှိ ညောင် ပင်သာမြို့ အထကနှင့် ဖြူးမြို့အထက ကျောင်းများသို့ ဝင်ရောက်စစ်ဆေး ပြီးနောက် ဖြူးမြို့နယ် အုပ်ချုပ် ရေးမှူးရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး သည် အုတ်တွင်းမြို့ အထက်တန်း ကျောင်း၌ ကျောင်းအပ်နှံမှုနှင့်ကျောင်း နေအရွယ်ကလေးများ စာသင်ကြား နိုင်ရေးကိစ္စများ ဆွေးနွေးခဲ့ပြီး အုတ် တွင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်း အဝေးခန်းမ၌ မြို့နယ်အဆင့်ဌာန ဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး
## အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

## သဲကုန်း၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

***သဲကုန်း ဇွန် ၁၀***

*ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီက သဲကုန်းရုံးပင်တက်ရွာလမ်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသော်နိုင်ဦးက ပျိုးပင် များပေးအပ်သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းလွင်က လက်ခံယူသည်။*

***စုပေါင်းစိုက်ပျိုး***

*ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသော်နိုင်ဦးနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ တမာ၊ ကုက္ကိုစသည့် ပျိုးပင်ပေါင်း ၁၅၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရ သည်။* ***(မြို့နယ် ပြန်/ဆက်)***

## လင်းခေး၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

*လင်းခေး ဇွန် ၁၀*

***လင်းခေးမြို့နယ်သစ်တောဦးစီး ဌာနက ကြီးမှူး၍ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် နှင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ် မြို့နယ် လုံးကျွတ် မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲကို တာဝန်ရှိသူများက ဇွန် ၅ ရက် နံနက် ၇နာရီက လင်းခေး-မိုးနဲသွား လမ်း မိုင်တိုင် အမှတ် (၄၉/၄) ရှိ စိုက်ခင်းတွင် ကျင်းပရာ ရှေးဦးစွာ လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြား သည်။***

***ဆက်လက်၍ သစ်ပင်စိုက်ပျိုး ပွဲတော်ကို ကျင်းပရာ ကျွန်း၊ တမာ နှင့် ကုက္ကိုပင် စုစုပေါင်း ၁၅၀၀ ကျော် စိုက်ပျိုးခဲ့ကြကြောင်း သိရှိ ရသည်။*** *(အပေါ်ပုံ) (မြန်မာ့အလင်း)*

## ကလောမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

***ကလော ဇွန် ၁၀***

*အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် နှင့်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး ပွဲကို ကလောမြို့နယ် ပင်မှီကျေးရွာ အုပ်စုအောင်ပန်း-အင်းတိန်ကျေးရွာ ချင်းဆက်လမ်းပေါ်တွင် ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုင်းရွက် ဆိုင်က သစ်ပင်စိုက်ပျိုးနည်းစနစ် များကို ရှင်းလင်းပြသသည်။*

***စိုက်ပျိုး***

*ထို့နောက် တာဝန်ရှိသူများက ကျေးလက်ပြည်သူများအား စိုက်ပျိုး ရန်သစ်ပင်များကိုဝေငှပေးကာစုပေါင်း သစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရှိရ သည်။* ***(ဝဲပုံ) (မြို့နယ်တွေ/အုပ်)***

**သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ညောင်တုန်း မြို့နယ် ဆားမလောက်ကျေးရွာ ဈေးအတွင်း ခြင်ဆေးဖျန်းခြင်းကို မေ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အခွန်) ဦးဝဏ္ဏထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## ငှက်ဖျားရောဂါတိုက်ဖျက်ရေးပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် Global Fund တို့ပူးပေါင်း ကျင်းပသော ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အသိပညာပေး ဆွေးနွေးပွဲကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက လှည်းကူးမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ငှက်ဖျားဆရာဝန်ကြီးဒေါက်တာ ဆွေဇင်ဝင်း က ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည် ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။ အဆိုပါ စီမံချက်လုပ်ငန်းများကို ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြောက်ပိုင်းခရိုင်ရှိ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။
**(တိုင်းကျန်းမာရေး)**

## တက်ရောက်ချီးမြှင့်

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ ည ၇ နာရီတွင် ရောက်ရှိလာကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mikhail MGELADZE နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် နှစ်နိုင်ငံအလံကို အလေးပြုကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၆-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဇောတ္ထိဂ်သုတ်၊ ပုဗ္ဗဏှသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | **အနိစ္စမြင်တိုင်း ဝိပဿနာမဖြစ်ဖူး** တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ) |
| ၆:၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၀) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၉) |
| ၈:၅၀ | LG 3D Technology in Korea Expo |
| ၉:၀၀ | Activities in the City (D' Olympic အားကစားပစ္စည်းဆိုင်သစ်ဖွင့်ပွဲအခမ်းအနား) |
| ၉:၁၅ | Appeton Dream win ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား |
| ၉:၂၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၉:၅၀ | နယ်ညဆန်းထွင်ပန်းအလှဆင် (ပန်းဘောလုံးပြုလုပ်နည်း) |
| ၁၀:၁၅ | ရန်ကုန်မြင်ကွင်းကျယ် (ထက်အာကာ Show Room ဖွင့်ပွဲ) |
| ၁၀:၃၀ | သွားမယ်စားမယ် (Fuli အသားကင်) |
| ၁၀:၅၀ | MNL Preview |
| ၁၁:၂၀ | ပန်းချီပြခန်း (Doodle ပန်းချီပြပွဲ) |
| ၁၁:၃၅ | ဟိုတယ်လမ်းညွှန် (HOTEL MAX Chaung Tha Beach) |
| ၁၂:၁၀ | စာအုပ်စာပေလူ့မိတ်ဆွေ အမွေပေးသူနှင့်ယူသူသင်ဘယ်သူလဲ စာအုပ်မိတ်ဆက်တင်ပြခြင်း |
| ၁၂:၃၅ | စံတော်ဝင်မြေဇင်း တောရမွေ့ရိပ်သာ (မိုးကုတ်မြို့) |
| ၁:၀၀ | **အနိစ္စမြင်တိုင်း ဝိပဿနာမဖြစ်ဖူး** တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | Goals of the Week |
| ၂:၅၅ | ကျေးဇူးသိတတ်၊ကျေးဇူးဆပ်၍ ပူဇော်ကန်တော့ခဲ့ကြသော… |
| ၃:၁၀ | သာသနာ့အမွေလှူပေးဝေ |
| ၃:၂၀ | ရန်ကုန်မြင်ကွင်းကျယ် ("ခရေ" Preschool မှကြီးမှူးကျင်းပသော Music Show ) |
| ၃:၃၅ | ၂၀၁၀ ခုနှစ် အားကစားထူးချွန်ဆု |
| ၄:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၉) |
| ၄:၅၅ | ပုဂံညောင်ဦးမြို့ ရှင်အရဟံ သိမ်တော်ကြီးရေစက်ချအလှူမင်္ဂလာ |
| ၅:၂၀ | အလှူများနှင့် ပီတိဝေဖြာ မြန်မာစိမ်းလန်းမြေ ပရဟိတဂေဟာ |
| ၅:၃၀ | ဂဏန်းသင်္ချာပျော်စရာ |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | Movie Talk ရုပ်ရှင်စကားဝိုင်းအညွှန်း (အပိုင်း-၁၂) |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၂) |
| ၇:၃၀ | ဖက်ရှင်လမ်းညွှန် ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင် |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | Kid ' s Show |
| ၉:၀၀ | ပရီမီယာလိဂ်ရှင်ခုန်သံ |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၉၀) |
| ၁၀:၂၀ | **နှင်းကွဲချိန်** ကောင်းခန့်စိုးရန်အောင်၊ မျိုးသန္တာထွန်း၊ တိုးမြတ်နိုးဝေ (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၁၁:၀၅ | World of Knowledge (My Brilliant Brain Accidental Genius) |
| ၁၁:၅၅ | ရေပျော်ငှက်၏တောင်ပံခတ်သံ |
| ၁၂:၁၅ | ဒို့တိုင်းဌာနီရောဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းများ) |
| ၁၂:၃၅ | သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe) |
| ၁၂:၄၅ | အထင် |
| ၁:၀၅ | စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား) |
| ၁:၂၀ | အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး) |
| ၁:၄၅ | ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက် လက်မှုပညာ |
| ၁:၅၀ | မင်းကွန်းရိုးရာလက်မှုအနုပညာ |
| ၂:၁၀ | Omega-3 fatty acids |
| ၂:၂၅ | မျှော်လင့်ခြင်း၏ အလင်းရောင်သစ် |
| ၂:၅၅ | အသွင်ပြောင်းစေမည့် Fiber Tech |
| ၃:၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄:၀၀ | နေပြည်တော်ကမ္ဘောဇဘဏ်နှင့် ဘဏ်ခွဲများ၏ ဝန်ဆောင်မှုလုပ်ငန်းများ |
| ၄:၂၅ | မရွှိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ |
| ၄:၄၅ | ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၄:၅၀ | ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr.Andrew Richard Heyn သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိသစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara သူရဲကောင်းစစ်သည်ဗိမာန်၌ ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)**

# ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၁၀**

ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ ညောင်ဦးမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြကာ တန်ခိုးကြီးဘုရားများအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်နှင့် ဦးဘဉာဏ်ဝင်း ယွန်းထည်လုပ်ငန်းတို့ကို ကြည့်ရှုလေ့လာပြီး ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ယင်းနောက် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ပန်းခွေချ အလေးပြုကြကာ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်၌ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြကာ ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းမှုများ

**၁၀-၆-၂၀၁၁**

| | |
|---|---|
| နေပြည်တော်(လေဆိပ်) | ၁ ဒသမ ၁၀ လက်မ |
| အမ်းမြို့ | ၇ ဒသမ ၉၅ လက်မ |
| ရေးမြို့ | ၆ ဒသမ ၈၉ လက်မ |
| မော်လိုက်မြို့ | ၆ ဒသမ ၇၈ လက်မ |
| ဥမြို့ | ၄ ဒသမ ၆၇ လက်မ |
| မြောက်ဦးမြို့ | ၄ ဒသမ ၂၃ လက်မ |
| ဟသ်ာတမြို့ | ၄ ဒသမ ၁၈ လက်မ |
| သံတောင်မြို့ | ၄ ဒသမ ၀၆ လက်မ |
| တမူးမြို့ | ၄ ဒသမ ၀၂ လက်မ |
| ငါးသိုင်းချောင်းမြို့ | ၄ ဒသမ ၀၂ လက်မ |

**ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက ဒလမြို့နယ် သီရိဇေယျာအနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညီညီစံအား ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှ စ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထွန်းသိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး၊ ဘဏ္ဍာရေးနှင့်<br>အခွန်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ခ) | ဦးသိန်းဆွေ<br>ဒုတိယ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စက်မှု<br>သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စက်မှု<br>သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာတင်ထွဋ်<br>ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးသုတေသန<br>ဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |

## ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Nguyen Cong Nghiep ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၆-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ အတီးပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ Local Talent
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၀ ၅။ **Yan Can Cook**
- ၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄၉)
- ၁၃:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၃:၃၅ ၈။ သာယာရွှေပြည်တို့နေပြည်
- ၁၄:၃၀ ၉။ International Science News
- ၁၄:၅၀ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဧယျာရွှေမြေအသင်းနှင့် ရတနာပုံအသင်း)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ **အလှရှာမယ် လှကမ္ဘာဝယ်**
- ၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁၇)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၂၁)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၃)
- ၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၁၄။ အစီအစဉ်ပြီး၏။

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဗီယက်နမ်နိုင်ငံ ဆောက်လုပ်ရေးဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Nguyen Hong Quan နှင့်အဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ရှေ့ဆက်လက်ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွန်ကရစ်လမ်းခင်း

မေ ၂၅ ရက်က ကန်ကြီးထောင့်မြို့နယ် လောကမှန်ကူ ဘုရားအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းကို အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

## နေထိုင်မှုဆိုင်ရာ ကုန်စည်ပြပွဲကျင်းပ ကိုရီးယားကြမ်းခင်းများ ပါဝင်ပြသ

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၁၀ ရက်မှ ၁၃ ရက်နေ့အထိ Made in Korea & Living Facilities Exhibition ပြပွဲကို ပြသလျက်ရှိရာ maruart ကိုရီးယားကြမ်းခင်းနှင့် Wallpaper တို့ ပါဝင်ပြသထားသည်။ **(အောက်ပုံ)** ခေတ်မီဒီဇိုင်းစုံ အမျိုးပေါင်း ၂၀၀ ကျော်ရှိသော နံရံကပ် ရေစိုခံပိုးသားဗီနိုင်း Wallpaper များကို အိမ်အရောက် တပ်ဆင်၍ အလှဆင်ပေးလျက်ရှိရာ မိမိတို့နေအိမ်များကို maruart ကိုရီးယားကြမ်းခင်းနှင့် Wallpaper များဖြင့် အလှဆင်လိုသူများအတွက် ပြပွဲအပြီးတွင် Show Room ဖြစ်သည့် အမှတ် (၂) အောင်သုခလမ်း ၉ မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၀၁၄၇၈၊ ၆၆၁၈၈၇၊ ၀၉-၅၀၀၉၅၂၃ တို့သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် နေထိုင်မှုဆိုင်ရာ ကုန်စည်ပြပွဲ ဖွင့်ပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၀

**Made in Korea & Living Facilities Exhibition 2011 ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။**

**ဖဲကြိုးဖြတ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Hae-yong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ ကိုရီးယား Association ဥက္ကဋ္ဌနှင့် Logic Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ထွန်းတို့က ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ဖွင့်လှစ်ပြသ**

ပြပွဲတွင် ကုမ္ပဏီပေါင်း ၆၇ ခုမှ ပြခန်းပေါင်း ၁၃၄ ခန်းကို ဇွန် ၁၀ ရက် မှ ၁၃ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေဆက်လက်အားကောင်းမည်

**နေပြည်တော် ဇွန် ၁၀**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**ဇွန် ၁၁ ရက် ညနေအထိခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ဇွန်လ ဒုတိယသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

# စုဘူးကလေးတွေ ကွဲမသွားအောင်

## မောင်အောင် (မွေး/ကု)

“အေး၊ ငါ့တူကြီးရောက်လာတာနဲ့ အတော်ပဲကွာ၊ ငါတို့က မင်းကို မျှော်နေတာ။ အခု ဝက်တွေမှာ ဖြစ်နေတဲ့ ဝက်နားရွက်ပြာရောဂါကို မင်းတို့ ဌာနက ဘာတွေလုပ်ပေးနေသလဲ။ ဒီရောဂါက မထိန်းချုပ်နိုင်ဖူးလား”

အမေ့ရွာသို့ ပညာကဝိ စာကြည့်တိုက်ဖွင့်ပွဲပြီးကတည်းက မရောက်တာ ကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီးရွှေမောင်က ခရီးရောက်မဆိုက် မေးလာသည်။

“တော့်နှယ်၊ မောင်အောင်ဖြင့် ထိုင်တောင်မထိုင်ရသေးဘူး၊ ဇွတ်ကြီး၊ အတင်းကြီး ရှင်မေးချင်တာကိုပဲမေးနေတယ်”

ဦးကြီးရွှေမောင်ဇနီး အရီးမှည့်က ဦးကြီး၏စကားကို ဝင်ပြီး ဟန့်လိုက်သည်။

“ဟ မမှည့်ရ။ ကိုယ့်တူမို့ ကိုယ်သိချင်တာကိုယ်မေးတာ၊ မမေးရတော့ဘူးလား။ နောက်ပြီး အခုအချိန်က ကလေးတွေကျောင်းဖွင့်ချိန်၊ ကလေးတွေ ကျောင်းစရိတ်အတွက် စုဘူးလုပ်ပြီးမွေးထားတဲ့ ဒီဝက်ကလေးတွေ တစ်ခုခု ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ နင်လဲ နင့်စုဘူးအကွဲခံနိုင်လို့လား”

“ဒါတော့ ဒါပေါ့တော်၊ ကျုပ်တို့တောသူတောင်သားအိမ်က ထမင်းကျန်၊ ဟင်းကျန်လေးနဲ့ ဒီစုဘူးကလေးတွေကို အရိပ်တကြည့်ကြည့်နေနေရတာ၊ ဘယ်အကွဲတော့ခံလို့ဖြစ်မလဲ။ ဒါပေမယ့် ကျုပ်တူကြီး ခဏနားအမောအပန်းဖြေပြီးမှ ပြောစေချင်တာပါ”

ဦးကြီးနှင့် အရီးတို့၏ ပြောစကားများက ရင်ထဲကလာသော စကားများဖြစ်မှန်း ကျွန်တော်သိပါသည်။ တောရွာများတွင် အိမ်တိုင်းနီးပါး ဝက်ကလေး တစ်ကောင်စ၊ နှစ်ကောင်စမွေးကြသည်။ နေ့စဉ် ထမင်းကျန်၊ ဟင်းကျန်မှအစ ဖွဲနုလေး၊ ဆန်ကွဲလေးဝယ်ကျွေးရင်း ဝက်ကိုဖြစ်အောင်မွေးနေကြသည်။ စုဘူးကလေးသဖွယ် အရိပ်တကြည့်ကြည့်။

“ဦးကြီးပြောတဲ့ ဝက်နားရွက်ပြာရောဂါနဲ့ပတ်သက်လို့ ကျွန်တော်တို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရောဂါကာကွယ်ထိန်းချုပ်ရေးတွေ၊ မပြန့်ပွားရေးတွေ၊ သေဆုံးမှုလျော့ပါးရေးတွေ အများကြီးလုပ်ပေးတာပေါ့ ဦးကြီးရယ်။ ဒါပေမယ့် ဒီရောဂါက ကူးစက်ပြန့်ပွားလွယ်တော့ ဝက်မွေးတဲ့လူတွေအားလုံးက လိုက်နာဆောင်ရွက်မှ ကူးစက်ပြန့်ပွားမှုမဖြစ်မှာ၊ အသေအပျောက်နည်းမှာ”

“ဒီရောဂါက ပြောတော့ဝက်နားရွက်ပြာ၊ဖြစ်တော့ သားလျှောပြီးသေတာလို့ပြောကြတယ်။ အဲနောက်ပြီး နားရွက်ကလဲ ဘာလို့ ပြာရတာလဲ”

ကျွန်တော့်ဦးကြီးက ရွာမှာနေသော်လည်း ဗဟုသုတရှိသည်။ စူးစမ်းလေ့လာလိုသည့် စိတ်ဓာတ်က အပြည့်။

“ဟုတ်ပါတယ် ဦးကြီး၊ ဒီရောဂါက ဖြစ်တဲ့ ဝက်တွေရဲ့ နားရွက်နဲ့၊ ခန္ဓာကိုယ်အရေပြားနဲ့ နောက်ပိုင်းတွေမှာ အပြာရောင်အကွက်တွေ ဖြစ်ပေါ်တတ်တာကြောင့် ဝက်နားရွက်ပြာလို့ခေါ်တာပါ။ ဘာကြောင့်လဲဆိုတော့ ဒီရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးကြောင့် ခန္ဓာကိုယ် အစွန်အဖျားမှာရှိတဲ့ သွေးကြောလေးတွေ ပေါက်ကုန်တယ်၊ အစွန်အဖျားတွေမှာ သွေးမရောက်တော့ဘူး၊ အောက်ဆီဂျင်ဓာတ်မရတော့ဘူး။ အဲဒါကြောင့် ပထမတော့ သွေးရောင်၊ အနီရောင်အကွက် ဖြစ်တာပဲ။ နောက်တော့မှ တဖြည်းဖြည်း အပြာကွက်တွေဖြစ်လာတာ”

“သားလျှောတာကတော့ ဒီရောဂါပိုးက မျိုးပွားလမ်းကြောင်းနဲ့ အသက်ရှူလမ်းကြောင်းတွေမှာ ရောဂါဖြစ်စေလို့ပဲ။ မျိုးပွားလမ်းကြောင်း မှာဖြစ်ခဲ့ရင် ဇီးရှိတဲ့ဝက်မကြီးတွေမှာ သားလျှောမယ်၊ အသေမွေးမယ်၊ အားအင်ချည့်နဲ့တဲ့ ဝက်ကလေးတွေမွေးမယ်။ ဆေးဝါးကုသမှုမလုပ်ရင် သေနိုင်တယ်။ အသက်ရှူလမ်းကြောင်းမှာဖြစ်ရင်တော့ ဝက်တွေ အစာစားပျက်မယ်၊ မှိုင်မယ်၊ ကိုယ်အပူချိန်များပြီး ဖျားမယ်၊ နှာရည်ယိုမယ်၊ ချောင်းဆိုးမယ်”

“ဝက်ပိုင်ရှင်က၊ မွေးမြူတဲ့လူက ကိုယ့်ဝက်နေမကောင်းတာသိရင် ချက်ချင်း ဂရုတစိုက် ပြုစုဖို့လိုတယ်။ ဝက်ကလေးတွေဆိုရင် အခင်းကောက်ရိုးနဲ့ နွေးနွေးထွေးထွေးထား၊ ဝက်ခြံသန့်ရှင်းရေးစနစ်တကျလုပ်၊ သောက်ရေ၊ အစာသန့်ရှင်းတာ၊ လတ်ဆတ်တာကျွေး၊ တိရစ္ဆာန်ဆေးကုဆရာဝန်ခေါ်ပြီး လိုအပ်တဲ့ဆေးဝါးကုသမှုလုပ်ရင် အသေအပျောက်နည်းမှာပေါ့။ စုဘူးကလေးမကွဲဘူးပေါ့”

“တချို့ကပြောတော့ ဒီဝက်နားရွက်ပြာရောဂါဖြစ်ရင် ဆေးကုမရဘူးဆို၊ အားလုံးသေတယ်ဆို။ ရေဒီယိုက ဒီဗွီဘီလား၊ ဘီဘီစီကလား သေချာတော့မသိဘူး၊ အဲဒီလိုကြားလိုက်လို့ မင်းအရီးတော့ ထမင်းတောင် မစားနိုင်ဘူးဖြစ်သွားတယ်”

ဦးကြီးက အရီးမှည့်ဘက်ကို ငဲ့စောင်းကြည့်ရင်း ထပ်၍မေးလာသည်။

“ဝက်နားရွက်ပြာရောဂါဖြစ်ရင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်တာမို့လို့ တိုက်ရိုက်ကုလို့တော့မရပါဘူး။ ဒါပေမယ့် ကျန်တဲ့ရောဂါတွေမဝင်အောင် ဆေးကုရသလို ကိုယ်ခံစွမ်းအားကောင်းအောင် အားဆေးထိုးတာ၊ ကျန်တဲ့ ဆေးဝါးကုသတာလုပ်ရင် အသေအပျောက်နည်းပါတယ်။ အခုလက်ရှိဖြစ်တဲ့ကောင်ရေရဲ့ ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းလောက်တော့ သေတာတွေ့ရတယ်။ ဝက်ငယ်ကလေးတွေမှာ အသေများပြီး ဝက်ကြီးတွေကတော့ ခံနိုင်ရည်ရှိလို့ အသေအပျောက်နည်းပါတယ်”

“အေး၊ တော်သေးတာပေါ့ကွာ။ ဒါနဲ့ ငါ့တူမို့လို့ မေးရဦးမယ်၊ အမှန်အတိုင်းပြောကွာ။ ဒီရောဂါနဲ့ပတ်သက်လို့ မင်းတို့ဌာနက စစ်ရောစစ်ဆေးနိုင်သလား၊ နိုင်ငံခြားက အကူအညီရော ခေါ်သေးလား”

ဦးကြီးကား ခေသူမဟုတ်။ သူသိချင်တာကို တစ်ဆင့်ပြီး တစ်ဆင့်မေးလာသည်။

“စစ်ဆေးနိုင်တာပေါ့ ဦးကြီးရယ်၊ ဦးကြီးပြောသလို အမှန်အတိုင်းပြောရရင် ၂၀၀၆ ခုနှစ် ကြက်ငှက်တုပ်ကွေး စပြီးဖြစ်တုန်းက ကျွန်တော်တို့ဌာနမှာ စစ်ဆေးတဲ့ ပစ္စည်းကိရိယာ သိပ်ပြီးမရှိဘူး။ ဓာတ်ခွဲခန်းလဲ အဆင့်မြင့်မြင့်မရှိဘူး။ အဲဒီနောက်ပိုင်းမှာ ဓာတ်ခွဲခန်းလဲ အဆင့်မြှင့်ခဲ့တယ်။ စစ်ဆေးတဲ့ ကိရိယာတွေလဲ FAO (ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့)အပါအဝင် နိုင်ငံတကာက ထောက်ပံ့တာပါသလို ကျွန်တော်တို့အစိုးရက ဝယ်ပေးတဲ့အတွက်ကြောင့် အတော်လေးပြည့်စုံနေပါပြီ။ ပစ္စည်းပိုင်း ပြည့်စုံသလို ကျွန်တော်တို့ဝန်ထမ်းတွေ နိုင်ငံခြားလွှတ်ပြီး ပညာသင်ထားတာကြောင့် နည်းပညာပိုင်းမှာလဲ ဒီရောဂါပိုးရဲ့ မျိုးရိုးဗီဇကအစ စစ်ဆေးလို့ရနေပါပြီ”

“ကျွန်တော်တို့ရဲ့ စစ်ဆေးချက်တွေနဲ့ ဩစတြေးလျတို့၊ အင်္ဂလန်တို့မှာရှိတဲ့ ရောဂါစစ်ဆေးရေးဓာတ်ခွဲခန်းက အဖြေတွေနဲ့ကိုက်ညီမှုရှိတာကြောင့် ကျွန်တော်တို့ ဓာတ်ခွဲခန်းကိုလဲ နိုင်ငံတကာက အသိအမှတ်ပြုထားပြီးပါပြီ။ ဒီဝက်နားရွက်ပြာရောဂါနဲ့ ပတ်သက်လို့ နိုင်ငံခြားက ကျွမ်းကျင်သူပညာရှင်ကိုလဲ ကျွန်တော်တို့ ဖိတ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေလ ဒုတိယပတ်မှာ ထိုင်းနိုင်ငံက ပညာရှင်လာခဲ့ပြီး ရောဂါဖြစ်ပွားခဲ့တဲ့နေရာတွေကို လိုက်ပြီးကြည့်ပါတယ်။ လိုအပ်တဲ့ အကြံဉာဏ်တွေလဲ ပေးခဲ့ပါတယ်”

“တော့်နှယ် မေးပဲမေးနိုင်ရန်ကော၊ မောင်အောင် စရောက်ကတည်းက ရေနွေးကြမ်းလေးတစ်ခွက်တောင်မသောက်ရသေးဘူး။ ကဲ ငါ့တူရေ ရေနွေးကြမ်းလေးတစ်ခွက်လောက် သောက်လိုက်ပါဦး”

အရီးမှည့်က ဦးကြီးရွှေမောင်အား မျက်စောင်းချိတ်ရင်း ကျွန်တော့်အား ရေနွေးကြမ်းခွက် လှမ်းပေးပါသည်။

“ညည်းတူကို ရောက်တုန်းမေးရတာ၊ တော်ကြာ ချက်ချင်းထပြန်သွားရင် ငါသိချင်တာတွေ မသိလိုက်ရမှာမို့လို့ မေးနေရတာ”

“ဒါနဲ့ နေပါဦး၊ မင်းတို့က ထိုင်းကပညာရှင်ကို ခေါ်ပြီး အကြံဉာဏ်တောင်းရတယ်ဆိုတော့ သူက ဘယ်လောက်တော်လို့လဲ။ သူတို့နိုင်ငံမှာရော ဒီရောဂါမျိုးဖြစ်ဖူးလို့လား၊ ဒို့ပတ်ဝန်းကျင်နိုင်ငံတွေမှာရော ဒီရောဂါမျိုးဖြစ်ဖူးကြသလား”

ကျွန်တော့်ဦးကြီးက ရွာမှာနေ၍သာ တော်တော့သည်။ ဦးကြီး၏ မေးခွန်းများကား အသေးစိတ်သည်၊ တိကျသည်၊ သူသိလိုသည်များကို ဖြေရပေတော့မည်။

“ကျွန်တော်တို့လဲ အဲဒီပညာရှင်ရောက်စက မြင်မြင်ချင်း သိပ်ပြီးအထင်မကြီးမိဘူး။ ဒါပေမယ့် အဲဒီလူက ဒီဝက်နားရွက်ပြာရောဂါကို ၁၉၉၂ ခုနှစ်ကတည်းက ယခုအချိန်ထိ တောက်လျှောက်လေ့လာခဲ့တာ၊ သုတေသနပြုခဲ့တာ၊ ဒီရောဂါနဲ့ပဲ ဒေါက်တာဘွဲ့ရခဲ့တာ၊ လက်ရှိလဲ ထိုင်းနိုင်ငံက တိရစ္ဆာန်ဆေးကုတက္ကသိုလ်မှာ ရောဂါဗေဒပါမောက္ခလုပ်နေတာ။ သူရဲ့ စစ်ဆေးမှု၊ စူးစမ်းလေ့လာမှုနဲ့ စမ်းသပ်ချက်တွေက အတော်လေးကို တန်ဖိုးရှိပါတယ်”

“ဒီဝက်နားရွက်ပြာရောဂါက ကျွန်တော်တို့နိုင်ငံမှာသာ အခု ဒီနှစ် ၂၀၁၁ ခုနှစ်မှာဖြစ်တာ။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတရုတ်နိုင်ငံမှာက ၂၀၀၆ ခုနှစ်ကတည်းက စပြီးဖြစ်တယ်။ ဝက်ကောင်ရေ နှစ်သန်းလောက်ဖြစ်ပြီး လေးသိန်းလောက်သေခဲ့တယ်လို့ သိရပါတယ်။ ဗီယက်နမ်နိုင်ငံမှာတော့ ၂၀၀၇ ခုနှစ်ကစဖြစ်ပြီး ထိုင်းနိုင်ငံမှာ ၂၀၀၈ ခုနှစ်၊ လာအိုနိုင်ငံနဲ့ ကမ္ဘောဒီးယားက ၂၀၁၀ ခုနှစ်ကစပြီး ဖြစ်ခဲ့ပါတယ်”

“မင်းပြောသလိုဆိုရင် တော်သေးတာပေါ့ကွာ။ ဒို့နိုင်ငံမှာ ရောဂါဖြစ်တာနောက်ကျပေလို့။ အဲဒါနဲ့ ဒီရောဂါဘယ်ကနေ ရောက်လာသလဲ၊ ဘယ်လိုစပြီးဖြစ်တာလဲ။ ကြက်ငှက်တုပ်ကွေးတုန်းကတော့ မင်းတို့ဌာနက ဆောင်းခိုငှက်တွေ၊ ငှက်ရိုင်းတွေကနေစပြီး ကူးတယ်လို့ ပြောတယ်။ အခုရော ဝက်ရိုင်းတွေကစပြီး ကူးတာလား။ အဲဒီပညာရှင်ကရော ဘာပြောသလဲ”

“အခုဒီဝက်နားရွက်ပြာရောဂါက အမှန်တော့ မူဆယ်ဘက်ကနေ ကူးတာ။ မန္တလေးက ရောဂါစပြီးဖြစ်တဲ့ခြံကို ကျွန်တော်တို့နဲ့ အဲဒီပညာရှင် သွားပြီးမေးကြတယ်။ ရောဂါစဖြစ်တဲ့ရက်မတိုင်ခင် တစ်ပတ်လောက်မှာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံမှာ နှစ်သစ်ကူးပွဲရှိတယ်။ အဲဒီကို စဖြစ်တဲ့ဝက်ခြံက ဝက်တွေသွားပြီးရောင်းတယ်။ သူတို့သွားပြီးချတဲ့ ဝက်သတ်ရုံမှာ အဲဒီရောဂါကဖြစ်နေတယ်။ အဲဒီဝက်ခြံအလုပ်သမားတွေက ဟိုဘက်ဝက်ခြံမှာ ဝက်တွေဝင်ပြီး ချတယ်။ ပြီးတော့ကားနဲ့ ဒီဘက်ကိုပြန်လာခဲ့ကြတယ်။ ဖိနပ်တွေဆေးတာ၊ အဝတ်အစားလဲတာမလုပ်ဘူး။ အဲဒီလူတွေပြန်ရောက်ပြီး ကိုယ့်ဝက်ခြံထဲပြန်ဝင်ပြီး အလုပ်လုပ်ကြတယ်။ ဒီလူတွေပြန်ရောက်ပြီး တစ်ပတ်အကြာမှာ အဲဒီခြံရောဂါစပြီးဖြစ်တာပဲ”

“ဟုတ်မှလဲလုပ်ပါ ငါ့တူရယ်။ မင်းဟာကလဲ၊ မင်းတို့က အဲသလိုဖြစ်တယ်လို့ ဘယ်လိုသက်သေပြနိုင်လို့လဲ”

ကျွန်တော့်ဦးကြီးကား ယုံလွယ်တတ်သူမဟုတ်။ လက်ဆုပ်လက်ကိုင်မပြနိုင်သရွေ့တော့ လွယ်လွယ်ဖြင့် လက်ခံမည့်သူမဟုတ်ပါ။

“ကျွန်တော်တို့လဲ လွယ်လွယ်နဲ့ဘယ်ပြောရဲပါ့မလဲ ဦးကြီးရယ်။ အဲဒီခြံမှာဖြစ်တဲ့ဗိုင်းရပ်စ်ရောဂါပိုးကို ကျွန်တော်တို့စစ်ဆေးတယ်။ အဲဒီနိုင်ငံမှာဖြစ်တဲ့ရောဂါပိုးနဲ့ ၉၉ ရာခိုင်နှုန်းတူနေတယ်။ ဒီရောဂါပိုး စစ်ဆေးမှုကို နိုင်ငံခြားပို့ပြီး စစ်ဆေးတယ်။ ကျွန်တော်တို့စစ်ဆေးတာနဲ့ အဖြေတစ်ထပ်တည်း တူနေတယ်။ ဝက်သွားပို့တဲ့သူတွေကို သေချာမေးမြန်း စစ်ဆေးပြီးမှ ဒီကောက်ချက်ကို ချတာပါ။ ကျွန်တော်တို့လဲ ဘယ်အရမ်းပြောရဲပါ့မလဲ။ ပညာရှင်ကိုယ်တိုင်ကလဲ စစ်ဆေးမေးမြန်းပြီးမှ ကျွန်တော်တို့ ကောက်ချက်ကို အတည်ပြုခဲ့တာ”။

“အေး ကဲ ထားပါတော့ကွာ။ မင်းတို့ဘက်ကတော့ အတော်လေးလုပ်ထားတော့ အထူးပြောစရာမရှိပါဘူး။ ဒါပေမယ့် ငါတို့ သိရသလောက်က **“အနာသိရင် ဆေးရှိရမယ်”**ကွ၊ ဘယ်ရောဂါမဆို ကာကွယ်ဆေးဆိုတာတော့ ရှိရမှာပဲ။ အခုဒီဝက်နားရွက်ပြာကျမှ ကာကွယ်ဆေးမသုံးရဘူးလို့ ပြောနေတယ်။ မင်းတို့ဌာနကပြောတာ။ ဒါပေမယ့် ငါတို့ကြားတာက ဟိုဘက်ရွာမှာ ကာကွယ်ဆေးဆိုပြီး ထိုးတာကြားတယ်။ ဝက်တွေလဲ သေကုန်တယ်ပြောတယ်။ အဲဒါကရော ဘာသဘောလဲ။”

ဦးကြီး၏ စကားက အတော်လေးထိရောက်သည်။ ဇာတ်ရှိန်ကလည်း မြင့်လာပြီ။

“ဟုတ်ပါတယ်ဦးကြီး။ အနာသိရင် ဆေးရှိရပါမယ်။ ရောဂါအတော်များများကတော့ ကူးစက်ရောဂါတွေမှာ ကာကွယ်ဆေးသုံးရပါတယ်။ ဒီဝက်နားရွက်ပြာရောဂါဗိုင်းရပ်စ်ပိုးကျတော့ ပိုးအမျိုးကွဲတွေများတယ်။ ပိုးမျိုးကွဲတစ်ခုကနေတစ်ခု ပြောင်းတာ၊ ဖြစ်ထွန်းတာမြန်တယ်။ ဒီရောဂါအမျိုးအစားအတွက် ဖော်စပ်ထားတဲ့ ကာကွယ်ဆေးက ဒီတစ်မျိုးအတွက်ပဲ ကာကွယ်နိုင်တယ်။ နောက်တစ်မျိုးအတွက်ဆို မကာကွယ်နိုင်ဘူး။ အဲဒီအပြင် ပိုးအရှင်ကာကွယ်ဆေးထိုးထားတဲ့ ဝက်ရဲ့ သုက်ရည်တို့၊ နှာရည်တို့ကနေတစ်ဆင့် ဗိုင်းရပ်စ်ပိုးစွန့်ထုတ်ပြီး တခြားဝက်ကို ကူးနိုင်တယ်။ တချို့ ဝက်မတွေကို ကာကွယ်ဆေးထိုးရင် ဇီးလျှောတယ်။ အဲဒီအတွက်ကြောင့် ကာကွယ်ဆေးထိုးဖို့ကို ကျွန်တော်တို့ စဉ်းစားနေတာ။

“အိမ်နီးချင်းနိုင်ငံတွေကို ပြန်ပြီးကြည့်ရင် တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ ကာကွယ်ဆေးထိုးတယ်။ နှစ်စဉ်ရောဂါ ပြန်ပြီးဖြစ်နေတာတွေ့ရတယ်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံမှာ ၂၀၀၇ ခုနှစ်က စပြီးဖြစ်တာ။ စဖြစ်တဲ့နှစ်မှာ ဝက် ၇၀၈၇၇ ကောင်ဖြစ်ပြီး ၂၀၃၉၆ သေခဲ့တယ်။ ကာကွယ်ဆေးလဲထိုးရော ၂၀၀၈ ခုနှစ်မှာ သုံးသိန်းကျော်ဖြစ်ပြီး သုံးသိန်းနီးပါးသေခဲ့တယ်။ ၂၀၀၉ ခုနှစ်ကျတော့ ခုနစ်သောင်းကျော်ဖြစ်ပြီး ရှစ်ထောင်နီးပါးသေရာက ၂၀၁၀ ခုနှစ်မှာ ခြောက်သိန်းကျော်ဖြစ်ပြီး သုံးသိန်းကျော် ပြန်ပြီးသေပြန်တယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးဖို့ မထိုးဖို့ သူတို့ ပြန်ပြီး သုံးသပ်နေတယ်”

“ကျွန်တော်တို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဆိုတာ မွေးမြူရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ တိရစ္ဆာန်ကောင်ရေတွေပွားများဖို့၊ ပြည်သူတွေ အသား၊ ငါး၊ နို့၊ ဥတွေ လုံလောက်စွာ စားသောက်နိုင်အောင် ထုတ်လုပ်ဖို့ဌာနပဲ။ ပြည်သူအများစုအကျိုးရှိမယ့်ကိစ္စဆိုရင် ကျွန်တော်တို့က ရှေ့ဆုံးက အရင်လုပ်ပေးမှာပေါ့။ **“ငါးပွက်ရာ ငါးစာချ”** ပြီး ပြည်သူတွေရေရှည် အကျိုးဆုတ်ယုတ်မှာကြောင့် ကာကွယ်ဆေးကို ကျွန်တော်တို့ အားမပေးတာ။ ကြက်ငှက်တုပ်ကွေးရောဂါအတွက်လဲ ကျွန်တော်တို့ဌာနက အခုအချိန်အထိ ကာကွယ်ဆေးပေးမသုံးဘူး။ အဲဒီအတွက်ကြောင့် ရောဂါဖြစ်ရင်တောင် ထိန်းချုပ်ရမြန်စေတယ်၊ ထိန်းချုပ်လို့ရတယ်။ ကာကွယ်ဆေးသုံးခဲ့တဲ့နိုင်ငံတွေတောင် ကာကွယ်ဆေးမသုံးတဲ့စနစ်ကို ကျင့်သုံးလာပြီ”

“စောစောကဦးကြီးပြောတဲ့ ကာကွယ်ဆေးဝယ်ပြီးထိုးတယ်။ သေကြတယ်ဆိုတာ **“ပွဲလန့်တုန်း ဖျာခင်းကြတဲ့”** လူတွေရဲ့ လုပ်ရပ်ပါ။ တရားမဝင် ထုတ်လုပ်ထားတဲ့၊ ကျွန်တော်တို့ဌာနက တရားဝင်အသိအမှတ်မပြုတဲ့ ကာကွယ်ဆေးတွေ၊ ကုသဆေးတွေကိုသုံးရင် အခုလိုဆိုးကျိုးတွေရလာမှာပါ”

ကျွန်တော် အရှည်ကြီး ရှင်းပြလိုက်ရသဖြင့် ရေနွေးတစ်ကြိုက် မော့သောက်လိုက်ပါသည်။ ဦးကြီးရွှေမောင်နှင့် အရီးမှည့်တို့အပြင် ရွာမှ ပရိသတ် တော်တော်များများက ကျွန်တော့်စကားတွင် စိတ်ဝင်စားနေကြ၍ ကျေနပ်မိပါသည်။

“ကဲ ကောင်းပါပြီကွာ၊ ငါ့တူပြောပုံအရ ဝက်နားရွက်ပြာအတွက် ကာကွယ်ဆေး မသုံးသင့်ဘူး ဆိုပါတော့။ ငါတို့က ရောဂါမဖြစ်အောင် ဘာလုပ်ရမလဲ၊ ရောဂါဖြစ်ရင် ဘာလုပ်ရမလဲ။ ဒို့စုဘူးကလေးတွေက အရေးကြီးတယ်ကွ”

ဦးကြီးရွှေမောင်စကားကြောင့် ရှိနေသည့် ပရိသတ်က “ဝါး”ခနဲ ရယ်လိုက်ကြသည်။

“ရောဂါမဖြစ်အောင်ကတော့ ကိုယ့်ဝက်ခြံမှာ သန့်ရှင်းရေးစနစ်တကျလုပ်ဖို့ပါပဲ။ ဇီဝလုံခြုံမှုမြှင့်တင်တယ်လို့ ခေါ်ပါတယ်။ အစာ၊ ရေ၊ စနစ်တကျ သန့်သန့်ရှင်းရှင်းနဲ့ ကောင်းကောင်းမွန်မွန် ကျွေးဖို့လိုပါတယ်။ တချို့က ဝက်ကို ညစ်ပတ်တယ်လို့ ထင်ကြတယ်။ တကယ်တော့ ဝက်က သန့်သန့်ရှင်းရှင်းနေတတ်တဲ့ တိရစ္ဆာန်ပါ။ အပေါ့အပါးသွားတာ၊ ချေးပါတာကအစ ခြံထောင့်မှာပဲ ပါတတ်ပါတယ်။ မြေကြီးကို နှုတ်သီးနဲ့ထိုးတာက သံဓာတ်ရရှိဖို့နဲ့ အစာရှာတာပါ။ ဝက်ခြံခြောက်သွေ့ သန့်ရှင်းဖို့ လိုပါတယ်။ အစားအသောက် အနေအထိုင်ကောင်းရင် ကျန်းမာမယ်၊ ရောဂါကင်းပါမယ်။ နောက်ပြီးဌာနက ဝက်အတွက်ထုတ်လုပ်ထားတဲ့ ကာကွယ်ဆေးနှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဝက်ပုလိပ်ရောဂါနဲ့ ဝက်ဝမ်းကျရောဂါ ဖြစ်တတ်ပါတယ်။ ဝက်အသက် နှစ်လလောက်ကစပြီး အဲဒီကာကွယ်ဆေးတွေ ခြောက်လတစ်ကြိမ် မှန်မှန်ထိုးမယ်၊ အစာရေစာ ကောင်းကောင်းမွန်မွန်ကျွေးပြီး သန့်သန့်ရှင်းရှင်းထားမယ်ဆိုရင် ဘာရောဂါမှ မဖြစ်နိုင်ပါဘူး။

“ဝက်နားရွက်ပြာရောဂါအပါအဝင် ကူးစက်ရောဂါတစ်ခုခုဖြစ်လာမယ်၊ ဝက်ဖျားနာလာမယ်ဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးကတစ်ဆင့်ဒါမှမဟုတ် တိုက်ရိုက်ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို အမြန်သတင်းပို့ဖို့၊ အကြောင်းကြားဖို့လိုပါမယ်။ အရေးကြီးတာက ဝက်နေမကောင်းတာနဲ့ ချက်ချင်းထုတ်မရောင်းဖို့ပါပဲ။ ဒီရောဂါ သေချာ ဂရုစိုက်ပြီး ကုမယ်ဆိုရင် ရာနှုန်းပြည့် မသေနိုင်ပါဘူး။ ရောဂါခံနိုင်ရည်စွမ်းအားရပြီး ပြန်ကောင်းတဲ့ ဝက်တွေအများကြီးရှိပါတယ်။ ကိုယ့်ဘက်က ဂရုစိုက်ဖို့သာ အရေးကြီးတာပါ။ ပြီးတော့ နေမကောင်းတဲ့ဝက်ကို နေရာမရွှေ့ဘဲ ကျန်တဲ့ အတူနေ ကျန်းမာတဲ့ဝက်ကို ခွဲပြီးမွေးဖို့လိုပါတယ်။ အားလုံး ရောထားရင်တော့ ရောဂါကူးမှာပါ”။

“အကောင်းဆုံးကတော့ နေမကောင်းပြီးသေတဲ့ဝက် အနီကွက်၊ အပြာကွက်တွေပေါ်ပြီး သေတဲ့ဝက်၊ ဝက်အနာသားကို မစားဖို့၊ မရောင်းဖို့လိုပါတယ်။ အဲဒီလိုရောဂါဖြစ်ပြီး သေတဲ့ဝက်ကို ချောင်းထဲမြောင်းထဲမျှောမပစ်ဘဲ ကျင်းနက်နက်တူး၊ ထုံးဖြူး ဖြစ်နိုင်ရင်ပိုးသတ်ဆေးဖျန်းပြီး မြှုပ်ပစ်ဖို့လိုပါတယ်။ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းတာဟာ ရောဂါမဖြစ်အောင် ကာကွယ်ဖို့ အကောင်းဆုံးပဲဖြစ်ပါတယ်။ အခုကျွန်တော်ပြောတဲ့ အလုပ်တွေသာ သေသေချာချာလုပ်ကြမယ်ဆိုရင် ဦးကြီးတို့ အရီးမှည့်တို့ရဲ့ “**စုဘူးကလေး ဘယ်လိုမှမကွဲနိုင်ပါဘူး**” လို့ပြောချင်ပါတယ်”။

ကျွန်တော့်စကားကို ဦးကြီးရွှေမောင်နှင့် အရီးမှည့်အပါအဝင် ရွာသားအားလုံးက ထောက်ခံနေသည့်အလား ပြုံးနေသည့်သူတို့မျက်နှာများက သက်သေပြနေကြပါသည်။ ကျွန်တော်တို့ ကျေးရွာများမှ “**စုဘူးကလေးတွေ ကွဲမသွားအောင်**” ဝိုင်းဝန်းထိန်းသိမ်းကြဖို့ တိုက်တွန်းနှိုးဆော်ချင်ပါသည်။

# လောက်ကိုင်၌ ရော်ဘာနှင့် ကြံများစိုက်ပျိုးအောင်မြင်

**လောက်ကိုင် ဇွန် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ်တွင် ရော်ဘာနှင့် ကြံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့်အဖွဲ့သည် လောက်ကိုင်မြို့နယ်သို့ မေ ၂၈ ရက်တွင် သွားရောက်ပြီး လောက်ကိုင်မြို့နယ်ရှိ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဝန်ထမ်းများ၊ ဒေသခံ ရော်ဘာစိုက်တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းရေးနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် လောက်ကိုင်မြို့နယ် ပါစင်ကျော်ကျေးရွာ၌ ဦးမြီရှောက်ချမ်း စိုက်ပျိုးထားသော ကြံခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ) (မြို့နယ် ပြန်/ဆက်)**

# ပညာသင်စရိတ်နှင့် စာရေးကိရိယာများ
## ကျွန်းလှမြို့နယ်၌ ပေးအပ်

**ကျွန်းလှ ဇွန် ၁၀**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၁ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ ဒုတိယဦးစီးမှူး ဦးထက်ဦးမောင်နှင့် တာဝန်ရှိသူတို့က မူလတန်း ၁၇ ဦး၊ အလယ်တန်း ခုနစ်ဦး၊ အထက်တန်း သုံးဦးတို့အား စုစုပေါင်း ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

**မြန်မာ့အလင်း ရုပ်ရှင်အမြည်း**

[illegible]

***ရန်ကုန် ဇွန် ၁၀***

*ယခုသီတင်းပတ် ဇွန် ၁၀ ရက် (သောကြာနေ့)တွင် မြန်မာဇာတ်ကားသစ် ''ပင်လယ်ထက်က နေဝန်းနီ'' ရုပ်ရှင်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ ရုံဝင်လာခဲ့ရာ မြန်မာရုပ်ရှင်ချစ်ပရိသတ် အကြိုက်တွေ့စေမည့် ဇာတ်ကားပင် ဖြစ်သည်။*

***တင်ဆက်ထား***

*ဤဇာတ်ကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အကယ်ဒမီ ခင်မောင်ဦးနှင့် စိုးသိန်းထွန်းက ရေးသား ရိုက်ကူးထားပြီး Art ဒါရိုက်တာ အကယ်ဒမီများရှင် ကြည်စိုးထွန်းနှင့် Director of Photography ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုးတို့က ဝိုင်းဝန်းအားဖြည့် ခြယ်မှုန်းပေးထားသည်။ ပင်လယ်ပျော် ရေလုပ်သားတို့၏ ဘဝသရုပ်ဖော် ရုပ်ရှင်ကားအဖြစ် ပီပီပြင်ပြင် ကြည့်ရှုခံစားနိုင်ရန်အတွက် ထပ်ဆင့်အကယ်ဒမီ လူမင်း၊ ဝေဠုကျော်၊ မင်းရဲဆက်၊ ကျော်ကျော် (Studio 35)၊ ဟန်လေး (Studio35) တို့ အပါအဝင် ရုပ်ရှင်သရုပ်ဆောင် များစွာတို့က ပရိသတ် နှစ်သက်စေမည့် ဇာတ်ဝင်ခန်းများဖြင့် တင်ဆက်ထားခြင်းဖြစ်သည်။*

*တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်း ရေလုပ်သားတို့၏ဘဝ၊ ပင်လယ်ပြင်အလှ၊ ပင်လယ်ပျော်ချစ်သူနှစ်ဦးတို့၏ ကြေကွဲဖွယ်ရာဖြစ်ရပ်များကို ပရိသတ်များ ရင်နင့်စွာ ခံစားကြည့်ရှုစေရမည့် ဇာတ်ကားဖြစ်သည်။*

**ကိုလင်း (ရုပ်ရှင်သတင်းထောက်)**

***ရုံတင်ပြသ***

*ရှေ့ဆောင်ရုံတွင် ပင်လယ်ဓားပြကားဖြစ်သည့် Pirates of the Caribbean; On Stranger Tides ဇာတ်ကားရုံတင်ပြသနေပြီး နေပြည်တော်ရုံတွင် သည်းထိတ်ရင်ဖို ဇာတ်ဝင်ခန်းများပါရှိသော Fast Five ဇာတ်ကား ရုံတင်ပြသနေပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ပါသည်။ ။*

***(မြန်မာ့အလင်း)***

# မြို့သန့်ရှင်းသာယာလှပရေး ကျိုက်မရောမြို့၌ ဆောင်ရွက်

**ကျိုက်မရော ဇွန် ၁၀**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်သည် ဇွန် ၃ ရက်က ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မြို့ပြလမ်း၊ တံတားများနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၀**

## စာကြည့်တိုက်အဆောက်အအုံသစ် ညောင်လေးပင်၌ဖွင့်

*ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ၌ ဆောက်လုပ်ပြီးစီးခဲ့သော အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ဖိနပ်ခံ သွပ်မိုး၊ အုတ်ညှပ် အဆောက်အအုံဖြစ်သည့် ရွှေဘိုင်းဒါးစာကြည့်တိုက်ကို မေ ၂၀ ရက် နံနက် ၉ နာရီက ယင်းစာကြည့်တိုက်သစ်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်ကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်နီနီဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)***

*အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းပြောကြားပြီး တက်ရောက်လာကြသူများက အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)***

## မိဘမေတ္တာစာကြည့်တိုက်သစ် ကြို့ပင်ကောက်၌ဖွင့်

***သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် မှန်ပင်ထူးအုပ်စု ကြက္ခတ္တန်းကြီးကျေးရွာတွင် မိဘမေတ္တာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၈ရက် မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပန်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။*** *(အပေါ်ပုံ)*

***ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ငွေကျပ် ၁၀၀၀၀၊ ဦးမြင့်သိန်းက ငွေကျပ် ၂၀၀၀၀၊ ဦးကံမြင့်က ငွေကျပ် ၂၀၀၀၀၊ ဦးသိန်းဝင်းက ငွေကျပ် ၂၀၀၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က သုတရသ၊ မဂ္ဂဇင်းနှင့်ဂျာနယ်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။*** *(မြို့နယ် ပြန်/ဆက်)*

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

## စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ တွံတေး၌ကျင်းပ

*တွံတေးမြို့နယ် ရွှေလှေချောင် ကျေးရွာအုပ်စု တမွတ်ကျေးရွာ ပညာကျော် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီညီဇော်နှင့် ရွှေလှေချောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)***

***ပေးအပ်လှူဒါန်း***

*ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၀၊ ပဲခူးတိုင်းဒေသကြီး လူမှုဖွံ့ဖြိုးရေးအသင်းမှ အလှူရှင် ဦးတင်စိန်က စာအုပ်စာစောင် ၂၅၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ စာကြည့်တိုက်အဆောက်အအုံအမျိုးအစားမှာ (၁၄×၂၄) ပေ၊ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်ပြီး တန်ဖိုး ငွေကျပ် ၂၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။*

***(မြို့နယ် ပြန်/ဆက်)***

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ချစ်သားကြီး **မောင်မင်းရဲထက်ကျော်** (အထက-၂၊ ဗဟန်း)သည် ၂၀၁၀-၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် ချစ်သားကြီး၏ ကြိုးစားအားထုတ်မှုကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘဝတစ်လျှောက်လုံး အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဘိုးဘိုး** - **ဦးမင်းအေးချမ်း (Chief Engineer Wallenius Ship Management Pte., Ltd., S'pore) ဒေါ်ခင်ဖြူဖြူလှ**

**ချစ်ဦးလေး** - **မောင်မင်းသန့်အေးကျော် (Grade-VI, A, TTC)**

**ချစ်အန်တီများ** - **ဒေါ်စုနန္ဒာအောင်၊ ဒေါ်ဝင်းစန္ဒာရှိန်း၊ ဒေါ်ဆွေဇင်အောင်၊ ဒေါ်ခင်စန္ဒာရှိန်း၊ ဒေါ်ခင်စန်းရီ၊ ဒေါ်လှဲ့လှဲ့နိုင်၊**

**ဦးဦး** - **ဗိုလ်ကြီးစိုးသန်းအောင်-ဒေါ်အေးမြခိုင် မောင်သန့်ဘုန်းထက်။**

## အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဖဖကေဗွီဓာတ်အားလိုင်းအတွက် ၁၂မီတာနှင့် ၁၅မီတာ ကွန်ကရစ်ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့၊**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂။**

## အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဖဖကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်သောဓာတ်အားလိုင်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၆-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့၊**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂။**

မြန်မာ့အလင်း ပြည်တွင်းအားကစား

## ဘိလိယက်ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား ဂုဏ်ပြု

**ရန်ကုန် ဇွန် ၁၀**

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၁၀)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲများ၌ ဆုရရှိကြသော မြန်မာ့လက်ရွေးစင် အားကစားသမားများအား မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အမှုဆောင် ဦးဝင်းမြင့်မြတ်နှင့် ဦးမောင်သန်းတို့က (၁၆) ကြိမ်မြောက် အာရှအားကစားပွဲ ဘိလိယက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော နေသွေးဦးနှင့် တတိယဆုရရှိသော ကျော်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက (၁၀)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲတွင် တတိယဆုရရှိသော ကျော်ဦးအား ဆုကြေးငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**

## နေထိုင်မှုဆိုင်ရာ ကုန်စည်ပြပွဲ၌ ကွန်ပျူတာများ ပါဝင်ပြသ

**ရန်ကုန် ဇွန် ၁၀**

Made in Korea and Living Facility Exhibition ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ အဆိုပါပြပွဲတွင် IT-Zone ကွန်ပျူတာ အရောင်းဆိုင်များ ပါဝင်ပြသရောင်းချလျက်ရှိသည်။ **(ယာပုံ)**IT-Zone တွင် လူကြိုက်များသည့် Acer, MSI, Asus Brand များအပြင် Asia Tech Computer, Citicom Computer, Idea Link Computer, Sky Light Computer, Technoland Computer, Neo Tech Computer, King Power Computer, King Service Wisdom Computer နှင့် TPP(သပြေပွင့်) ကွန်ပျူတာဆိုင်များလည်း ပါဝင်ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

**ပါဝင်ကံစမ်းနိုင်**

ပြပွဲတွင် IT-Zone အတွင်း ကျပ်တစ်သိန်းနှင့် အထက်ဝယ်ယူသူများ ပါဝင်ကံစမ်းနိုင်ပြီး ကံထူးရှင်များအတွက် အထူးဆုများမှာ Acer Aspire One D-257 Netbook, ၁၅ နာရီဘက်ထရီ အသုံးပြုနိုင်သည့် U 160 MSI Netbook, Asus Eeepc တစ်လုံး၊ Creative 5.1 Speaker A 500၊ Ddux Thunder K 8000 G Wireless Keyboard နှင့် Mouse တို့ ဖြစ်ကြကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မိတ်ဆွေရဲ့ အိမ်သစ်တက်ပွဲပဲဖြစ်ဖြစ်
သူငယ်ချင်းရဲ့ ဆိုင်သစ်ဖွင့်ပွဲပဲဖြစ်ဖြစ်
ဆရာသမားတွေကို ဂါရဝပြုချင်လို့ပဲဖြစ်ဖြစ်
ကိုယ်ကပေးလိုက်တဲ့ လက်ဆောင်လေးကို
တယုတယ အမြတ်တနိုးထားစေချင်တယ်ဆိုရင်တော့
**ဖိုးစိန်ဂယ်လာရီ** ကိုသာ လာခဲ့ပါ
အားလုံးအဆင်ပြေသွားအောင်
**ဖိုးစိန်ဂယ်လာရီ** က အကူအညီပေးနေပါတယ်။

**အမှတ်(၅၁)စီ၊ ဖိုးစိန်လမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**


**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## အင်တာနေရှင်နယ်အိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၀**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ပူးပေါင်းကျင်းပသည့် အင်တာနေရှင်နယ်အိုးပင်း စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၃၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး စုစုပေါင်းဆုကြေးငွေမှာ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖြစ်သည်။ ပြိုင်ပွဲတွင် နိုင်ငံတကာမှ စစ်တုရင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်တွင်းအားကစားသမားများအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုနှင့် အကောင်းဆုံး လူငယ်အားကစားသမားဆုများကိုလည်း သီးသန့်ချီးမြှင့်သွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ဓာတ်ပုံနှစ်ပုံနှင့်အတူ ပြိုင်ပွဲဝင်ပုံစံများ ဖြည့်စွက် စာရင်းပေးသွင်းရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၇၅၅၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

## ရုပ်ရှင်ကားသစ်များ ဆက်တိုက်ရိုက်ကူးနေသည့် ဘောလီဝုဒ်မင်းသမီး အမ်ရီတာ

မောင်မောင်မြင့်ဆွေ စုစည်းသည်

*နယူးဒေလီ ဇွန် ၁၀*

*အိန္ဒိယဘောလီဝုဒ် လူငယ်ရုပ်ရှင်မင်းသမီး အမ်ရီတာပါဝင်သရုပ်ဆောင် ထားသည့် Love U... Mr. Kalakaar အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို အိန္ဒိယ နိုင်ငံတစ်ဝန်း မကြာမီရက်ပိုင်းတွင် ရုံတင်ပြသတော့မည်ဖြစ်သည်။*

*အသက် ၃၀ အရွယ်ရှိ ရုပ်ရှင်မင်းသမီး အမ်ရီတာ (အောက်ပုံ)*

*သည် အိန္ဒိယမော်ဒယ်လ်နှင့် သရုပ်ဆောင်လောကတွင် အောင်မြင်မှုရရှိနေသူ တစ်ဦးဖြစ်သည်။ ၂၀၀၂ ခုနှစ်က အမ်ရီတာ စတင်ပါဝင်သရုပ်ဆောင်ခဲ့သည့် Ab Ke Baras ဇာတ်ကား၌ ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိသူ အမျိုးသမီး သရုပ်ဆောင်လည်း ဖြစ်သည်။*

*ငယ်ရွယ်ပြီးချောမောလှပသည့် ရုပ်ရှင်မင်းသမီး အမ်ရီတာသည် Ishq Vishk၊ Masti၊ Main Hoon Na, Deewaar၊ Shikhar၊ Shahid Kapoor၊ Pyare Mohan စသည့် ဇာတ်ကားများတွင် အောင်မြင်မှုရရှိခဲ့သူလည်း ဖြစ်သည်။*

*ထို့ကြောင့် ၂၀၀၄ ခုနှစ် အသက် ၂၃ နှစ်အရွယ်၌ပင် အမ်ရီတာသည် Ishq Vishk ဇာတ်ကားဖြင့် Filmfare Best Female Debut Award ဆု ရရှိခဲ့သည်။ ထို့အတူ ၂၀၀၁ ခုနှစ်၌လည်း Main Hoon Na ဇာတ်ကားဖြင့် Filmfare Best Supporting Actress Award ဆုရရှိခဲ့ပြန်သည်။ အမ်ရီတာသည် ဘောလီဝုဒ် သရုပ်ဆောင်မင်းသား တက်စ်ရှုပာနှင့် တွဲနေသော်လည်း လောလောဆယ်၌ ရုပ်ရှင်ဇာတ်ကားများကို အဓိကထား ဆက်တိုက် ရိုက်ကူးလျက်ရှိနေပါကြောင်း။ ။*

*(အင်တာနက်)*



## [illegible]

*လော့စ်အိန်ဂျလိစ် ဇွန် ၁၀*

*နာမည်ကျော်ကြားနေသည့် အမေရိကန်အဆိုတော်၊ သရုပ်ဆောင်နှင့် မော်ဒယ်လ်တစ်ဦးဖြစ်သူ ခရစ်စတယ်ဟာရစ်နှင့် ကမ္ဘာကျော်ပလေးဘွိုင်းမဂ္ဂဇင်းထုတ်ဝေသူ မာစတန်ဟီဖ်နာတို့နှစ်ဦးသည် ဇွန် ၁၈ ရက်၌ တရားဝင်လက်ထပ်ပွဲ ဆင်နွှဲတော့မည် ဖြစ်သည်။ **(အပေါ်ပုံ)***

*အသက် ၈၅ နှစ်အရွယ် မာစတန်ဟီဖ်နာနှင့် အသက် ၂၅ နှစ်အရွယ် ချောမောလှပသည့် ခရစ်စတယ် ဟာရစ်တို့နှစ်ဦးသည် ၂၀၀၉ ခုနှစ်ကပင် စေ့စပ်ထားခဲ့ကြသူများ ဖြစ်သည်။ အသက် ၈၅နှစ်အရွယ်ရှိ မာစတန်ဟီဖ်နာသည် အိမ်ထောင် နှစ်ကြိမ်ကွဲခဲ့ပြီး ယခုအခါ ခရစ်စတယ်ဟာရစ်နှင့် တတိယအိမ်ထောင်ပြုရန် စီစဉ်နေခြင်း ဖြစ်သည်။*

***(အင်တာနက်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်ချီးမြှင့်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာကြသော ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး **H.E. Mr. Mikhail MGELADZE** နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါညှော်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၅* ❖

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇွန် ၁၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်လျက်ရှိသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

11-6 (20).pmd 1 6/11/2011, 3:03 AM